# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၉)ရက်မြောက်နေ့ အစီအစဉ်

# [ ၈–၉–၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမ ဒုတိယအယူခံမှု/ ပြင်ဆင်မှု/ ရာဇဝတ်အယူခံမှု/ ပြင်ဆင်မှု(တစ်ပါးထိုင်) အမှုများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့၌လည်းကောင်း၊ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့၌လည်းကောင်း ရုံးထိုင်စစ်ဆေးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဆက်သွယ်ရေး တာဝါတိုင် ကန်ထရိုက် ရရှိသော ကုမ္ပဏီအချို့သည် ချမှတ်ထားသော စာချုပ်ပါ စည်းကမ်းများ တိကျစွာ လိုက်နာမှုမရှိဘဲ တာဝါတိုင်တွင် အသုံးပြု**

**ထားသော မီးစက်များမှ ဆူညံသံကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ ကိုယ်တိုင်ကွင်းဆင်းလေ့လာစစ်ဆေးပြီး ဆူညံမှုများ လျော့နည်း သက်သာစေရန် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မြစ်ကြီးနား– မန္တလေး လမ်းပိုင်းတွင် စုန်/ဆန်ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှ လူစီးတွဲများအား ပိုမိုကောင်းမွန်သည့် တွဲဆိုင်းများဖြင့် အစားထိုးပေးရန်နှင့် မီးရထားဝန်ထမ်းများအတွက် ပြည်သူ့ဆက်ဆံရေး သင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဥပဒေကြမ်းကော်မတီက **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။